# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## (၃၁)ရက်မြောက်နေ့ အစီအစဉ်

## [ ၂၄–၅– ၂၀၁၆ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ–သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီး–ဗျူဟာ ကားလမ်းမကြီး ဖောက်လုပ်နေမှုအစီအစဉ်နှင့် ရာသီမရွေးသွားလာနိုင်သော လမ်းမကြီး အဖြစ် မည်သည့်အချိန်တွင်ဖောက်လုပ်ပြီးစီးရန် အချိန်သတ်မှတ်မှု ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်တွင် ရမ်းဗြဲမြို့မှ လေးတောင်တိုက်နယ်သို့ သွားသော ကားလမ်းအား ရာသီမရွေး သွားလာနိုင်သော အမုန်တကယ် ကျောက်ချောလမ်း ဖြစ်အောင် ဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိနှင့် အကယ်၍ ဆောင်ရွက် ပေးနိုင်မှုရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း သိရှိလိုခြင်း တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော "နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၁)ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၃၂)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။